ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားညီညွတ်ရေးအစိုးရ

နိုင်ငံတော်သမ္မတရုံး

အမိန့်ကြော်ငြာစာအမှတ်၊ ၁/ ၂၀၂၁

၁၃၈၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၄ ရက်

(၂၀၂၁ နှစ်၊ ဇူလိုင်လ ၈ ရက်)

## Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ကော်မရှင် ဖွဲ့စည်းခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အမျိုးသားညီညွတ်ရေးအစိုးရသည် မြန်မာနိုင်ငံ ပြည်သူလူထုအတွင်း ကိုရိုနာဗိုင်းရပ်စ် (Coronavirus) ရောဂါ လျင်မြန်စွာ ကူးစက်ပြန့်နှံ့မှု မြင့်မားလာခြင်းနှင့် ရောဂါကူးစက်ခံရသူအရေအတွက်တိုးပွားလာခြင်းကြောင့်၊ နိုင်ငံလုံးဆိုင်ရာ အရေးပေါ် အခြေအနေတရပ်အနေဖြင့် ထိရောက်စွာတုန့်ပြန်နိုင်ရေး၊ ပြည်သူလူထုနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများ အကြားလူတိုင်းလူတိုင်း တန်းတူညီမျှစွာ ကျန်းမာရေးကာကွယ်စောင့်ရှောက်မှု ရရှိနိုင်စေရေးနှင့် ထိရောက်စွာ ရောဂါကာကွယ် ထိန်းချုပ်နိုင်ရေးနှင့် စီမံခန့်ခွဲနိုင်ရေးအတွက် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ကော်မရှင်ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက် သည် -

| | | |
|---|---|---|
| (က) | ဒူဝါလရှီးလ<br>ယာယီသမ္မတ | ဥက္ကဋ္ဌ |
| (ခ) | မန်းဝင်းခိုင်သန်း<br>ပြည်ထောင်စုဝန်ကြီးချုပ် | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဒေါ်ဇင်မာအောင်<br>ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဃ) ဦးလွင်ကိုလတ် အဖွဲ့ဝင်

ပြည်ထောင်စုဝန်ကြီး

ပြည်ထဲရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန

(င) ဦးတင်ထွန်းနိုင် အဖွဲ့ဝင်

ပြည်ထောင်စုဝန်ကြီး

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ရင်းနှီးမြုပ်နှံမှုဝန်ကြီးဌာန

(စ) ဒေါက်တာလျန်မှုန်းဆာခေါင်း အဖွဲ့ဝင်

ပြည်ထောင်စုဝန်ကြီး

ဖက်ဒရယ်ပြည်ထောင်စုရေးရာ ဝန်ကြီးဌာန

(ဆ) ဒေါက်တာဝင်းမြတ်အေး အဖွဲ့ဝင်

ပြည်ထောင်စုဝန်ကြီး

လူသားချင်းစာနာထောက်ထားရေးနှင့် ဘေးအန္တရာယ်ဆိုင်ရာ

စီမံခန့်ခွဲရေးဝန်ကြီးဌာန

(ဇ) ဒေါက်တာဆာဆာ အဖွဲ့ဝင်

ပြည်ထောင်စုဝန်ကြီး

အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန

(ဈ) နော်ဆူဇန်နာလှလှစိုး အဖွဲ့ဝင်

ပြည်ထောင်စုဝန်ကြီး

အမျိုးသမီး၊လူငယ်နှင့် ကလေးသူငယ်ရေးရာဝန်ကြီးဌာန

(ည) ဦးအောင်မျိုးမင်း အဖွဲ့ဝင်

ပြည်ထောင်စုဝန်ကြီး

လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန

(ဋ) နိုင်သုဝဏ္ဏ အဖွဲ့ဝင်

ပြည်ထောင်စုဝန်ကြီး

အလုပ်သမားဝန်ကြီးဌာန

(ဌ) ဦးထင်လင်းအောင် အဖွဲ့ဝင်

ပြည်ထောင်စုဝန်ကြီး

ဆက်သွယ်ရေး၊သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာန

(ဍ) ပါမောက္ခဒေါက်တာခင်မောင်လွင် အဖွဲ့ဝင်

ပါမောက္ခချုပ်၊ဆေးတက္ကသိုလ်(မန္တလေး)

အထူးအကြံပေး၊ကျန်းမာရေးဝန်ကြီးဌာန

(ဎ) ခူပလူရယ် အဖွဲ့ဝင်

Head of Karenni Health Department

(ဏ) ဦးအောင်စန်းမြင့် အဖွဲ့ဝင်

Management Team Leader of Karenni Covid-19

Pandemic Prevention Committee (KnCPPC)

(တ) ဆလိုင်းဗျက်ပုမ် အဖွဲ့ဝင်

Chin National Front(CNF)

(ထ) ဒေါက်တာရှုရွှန်ပါ အဖွဲ့ဝင်

ICNCC

(ဒ) ဒေါက်တာဇော်ဝေစိုး အတွင်းရေးမှူး

ပြည်ထောင်စုဝန်ကြီး

ကျန်းမာရေးဝန်ကြီးဌာန/ပညာရေးဝန်ကြီးဌာန

(ဓ) ဒေါက်တာရွှေပုံ တွဲဖက်အတွင်းရေးမှူး

ဒုတိယဝန်ကြီး

ကျန်းမာရေးဝန်ကြီးဌာန

**မှတ်ချက်။** ။ အမည်စာရင်းမရရှိသေးသော/ ကျန်ရှိနေသေးသော တိုင်းရင်းသား ကိုယ်စား လှယ် အဖွဲ့ဝင်များစာရင်းကို ထပ်မံထည့်သွင်း ဖွဲ့စည်းသွားပါမည်။

၂။ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ကော်မရှင်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(က) Coronavirus Disease 2019 (COVID–19) ကြောင့် ဖြစ်ပွားသော အဆုတ်ရောင်ရောဂါ ကာကွယ်ထိန်းချုပ်ရေး၊ကုသရေးနှင့် ရောဂါစောင့်ကြပ်ကြည့်ရှုရေး လုပ်ငန်းများအား ပြည်သူသာအဓိကမူဝါဒဖြင့် ဆောင်ရွက်ရန်၊

(ခ) COVID–19 ကာကွယ်ဆေးလူတိုင်းတန်းတူညီမျှစွာ ထိုးနှံခွင့်ရရှိနိုင်ရေး စီမံဆောင်ရွက်ရန်၊

(ဂ) လေဆိပ်၊ ဆိပ်ကမ်း၊ နယ်စပ်ဝင်ထွက်ပေါက်များမှ ဝင်ရောက်လာသူများတွင် ရောဂါ ဖြစ်ပွားမှု ရှိ/မရှိ စောင့်ကြပ် ကြည့်ရှုခြင်း၊ ရောဂါ လက္ခဏာပေါ်ပေါက်လာပါက အချိန်မီ ကုသနိုင်ရေး၊ ရောဂါ ဆက်လက်ပြန့်ပွားမှု မရှိစေရေး စေလျင်စွာ ပူးပေါင်းဆောင်ရွက် ရန်၊

(ဃ) ထိုသို့ဝင်ရောက်လာသူများကို ရောဂါစောင့်ကြပ် ကြည့်ရှုခြင်း၊ သံသယ လူနာတွေ့ရှိပါက သတင်းပေးပို့ခြင်း၊ ညွှန်းပို့ကုသမှုပေးခြင်းနှင့် လူနာနှင့်ထိတွေ့မှုရှိသူများ ရောဂါကူးစက်မှု မရှိစေရေး ကာကွယ်ခြင်းလုပ်ငန်းများအား ဆောင်ရွက်ရန်၊

(င) ပြည်သူလူထုများအား အသိပညာပေးရေး၊ သတင်းထုတ်ပြန်နိုင်ရေးအတွက် ညှိနှိုင်း ဆောင်ရွက်ရန်နှင့် မီဒီယာများမှ တိကျမှန်ကန်သောသတင်းများအား အချိန်နှင့်တပြေးညီ ထုတ်ပြန်နိုင်ရေး ဆောင်ရွက်ရန်၊

(စ) ရောဂါကာကွယ်၊ထိန်းချုပ်၊ကုသရန် လိုအပ်သော ဆေးနှင့်ဆေးပစ္စည်း (Personal Protective Equipment and masks များအပါအဝင်) ဓါတ်ခွဲခန်းသုံးပစ္စည်းများနှင့် အခြားဆက်စပ်ပစ္စည်း များ၊ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းသုံးပစ္စည်းများကို အချိန်မီ ရရှိနိုင်ရေး ပံ့ပိုး ဆောင်ရွက်ရန် ၊

(ဆ) ရောဂါ ကာကွယ်၊ထိန်းချုပ်ခြင်း၊ ကုသခြင်း လုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံတကာ သံရုံးများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် အစိုးရမဟုတ် သောအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(ဈ) ရောဂါ ကာကွယ်၊ ထိန်းချုပ်ခြင်း၊ ကုသခြင်း လုပ်ငန်းများဆောင်ရွက်ရာတွင် ဒေသဆိုင်ရာ တိုင်းရင်းသား ကျန်းမာရေးအဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ လက်တွဲဆောင်ရွက်ရန်၊

(ည) ရောဂါ ကာကွယ်၊ထိန်းချုပ်ခြင်း၊ ကုသခြင်း လုပ်ငန်းများဆောင်ရွက်ရာတွင် လူမှုရေးအဖွဲ့ အစည်းများ၊ သမဂ္ဂအသင်းအဖွဲ့များနှင့် ဒေသခံအဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ လက်တွဲ ဆောင်ရွက်ရန်၊

(ဋ) လုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်သော အကြံပြုချက်နှင့် ပန်ကြားချက်များ ထုတ်ပြန်နိုင်ရေး ဆောင်ရွက်ရန်

၃။ ကော်မရှင်သည် လိုအပ်သော လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများကို ဖွဲ့စည်းဆောင်ရွက် ရန်ဖြစ်သည်။

၄။ Covid-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်ပတ်သက်သော မူဝါဒများ၊ မဟာဗျူဟာများ နှင့် လိုက်နာဆောင်ရွက်ရန် အကြံပြုချက်များကို ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားပြီးကြောင်း အသိပေးအပ်ပါသည်။

(ပုံ)

ဒူဝါလရှီးလ

ယာယီသမ္မတ

အမျိုးသားညီညွတ်ရေးအစိုးရ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စာအမှတ်၊ ၁၁၂ (၁) / ၈ / သမ္မတရုံး

ရက်စွဲ၊ ၂၀၂၁ နှစ်၊ ဇူလိုင်လ ၈ ရက်